# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၃၅)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်
## (၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ကို နံနက် ၁၀း၃၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၃၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**[**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။**]**

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၅) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၆၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၇.၆၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားသူများစာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူးမှ တင်ပြပါမယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း ခွင့် ၂ ရက်၊

(၂) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ခွင့် ၁ ရက်၊

(၃) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၁ ရက်၊

(၄) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၁ ရက်၊

(၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးစိုးသူ ခွင့် ၁ ရက်၊

(၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသော်ဇင် ခွင့် ၁ ရက်၊

(၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမျိုးထွေး ခွင့် ၁ ရက်၊

(၈) သံလျှင်မဲဆန္ဒနယ်မှ ဦးလွင်ဦး ခွင့် ၁ ရက်၊

(၉) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၁ ရက်၊

(၁၀) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင် ခွင့် ၁ ရက်၊

(၁၁) လေရှီးမဲဆန္ဒနယ်မှ ဦးရှိသီး ခွင့် ၃ ရက်၊

(၁၂) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၃ ရက်၊

(၁၃) မြို့သစ်မဲဆန္ဒနယ်မှ ဦးမြင့်သူ ခွင့် ၁ ရက်၊

(၁၄) ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးရှိန်ကျော်ဝင်း ၂၆-၁၁-၂၀၁၄ မှ အစည်းအဝေးပြီးဆုံးသည် အထိနှင့်

(၁၅) ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ့ ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယနေ့ခွင့်ပန်ကြားသူများ အားခွင့်ပြုပေးပါရန် လေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အစည်းအဝေးမှာ တက်ရောက် ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၇ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၅ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၅၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက် သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော် ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**G.T.I ကျောင်းသစ်များ ထပ်မံဆောက်လုပ်မည့်အစား လက်ရှိနည်းပညာတက္ကသိုလ်များတွင် G.T.I သင်တန်းများအား ပူးတွဲသင်ကြားပေးရန် အစီအစဉ်ရှိ/မရှိကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(ကမာရွတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ကြီးခင်ဗျား။ ယနေ့ အစည်းအဝေးသို့ တက်ရောက်လာတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာ အပေါင်းနှင့်ပြည့်စုံပါစေလို့ ရှေ့ဦးစွာ ဆုတောင်းမေတ္တာပို့ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်း ဒေသကြီး၊ ကမာရွတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးရင် ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော် မေးမယ့်မေးခွန်းကတော့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ဆက်စပ်တဲ့ G.T.I ကျောင်းသစ်များ ထပ်မံဆောက်လုပ်မယ့်အစား လက်ရှိနည်းပညာတက္ကသိုလ်များတွင် G.T.I သင်တန်း များအား ပူးတွဲသင်ကြားပေးမည့်အစီအစဉ်ရှိ/မရှိနဲ့ ပတ်သက်တဲ့ မေးခွန်းဖြစ်ပါတယ်။ လေးစားအပ် သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်မှာ နည်းပညာ တက္ကသိုလ် ၃၃ ခုရှိပြီး G.T.I ၁၁ ခုနှင့် G.T.C သုံးခု စုစုပေါင်း ၄၇ ကျောင်းဖြင့် အင်ဂျင်နီယာနဲ့ ဗိသုကာပညာရပ်တွေကို သင်ကြားပေးလျက်ရှိပါတယ်။ နည်းပညာတက္ကသိုလ်တွေမှာ Quality Drive အရည်အချင်းတိုးမြှင့်တဲ့အနေနဲ့ ဝင်ခွင့်အမှတ်တိုးမြှင့်သတ်မှတ်ပြီးတဲ့နောက် ကျောင်းသားဦးရေဝင်ခွင့် လျှော့နည်းကာ လက်ခံလျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ဝန်ကြီးဌာနအနေနဲ့ အင်ဂျင်နီယာ နှင့် နည်းပညာကျွမ်းကျင်သူ(Technician) အချိုးကွာဟမှုအတွက်၊ နည်းပညာကျွမ်းကျင်သူတွေ ပိုမိုထုတ်လုပ်ဖို့အတွက် G.T.I ကျောင်းသစ်များ တည်ထောင်ဖွင့်လှစ်ပေးရန် စီစဉ်လျက်ရှိကြောင်း သိရပါတယ်။ ဒီလိုကျောင်းအသစ်တွေကို ထပ်မံတည်ဆောက်ပြီးတော့ ပြည်သူ့ဘဏ္ဍာတွေကို သုံးစွဲ မယ့်အစား လက်ရှိနည်းပညာတက္ကသိုလ်မှာ လိုအပ်လျက်ရှိတဲ့ လက်တွေ့ခန်းသုံးပစ္စည်းတွေ (Equiptments)တွေ၊ ကျွမ်းကျင်သူတွေအတွက် နှစ်စဉ်လက်တွေ့ခန်းစရိတ်ကုန်ကျမှုတွေကို ပိုမိုခွင့်ပြု သုံးစွဲပြီးတော့ ဆောက်လုပ်ရေးအတွက် လိုအပ်တဲ့ဘဏ္ဍာငွေသုံးစွဲမှုတွေကို လျှော့ခြင်းအားဖြင့် G.T.I

သင်တန်းတွေကို ဆောင်ရွက်သင့်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အတွက် G.T.I သင်တန်းတွေကို နည်းပညာတက္ကသိုလ်တွေမှာ ပူးတွဲဖွင့်လှစ်ထားမယ်ဆိုရင် ပိုပြီးတော့အဆင်ပြေဖွယ်ရာရှိနိုင်ပါတယ်။ လက်ရှိဖွင့်ထားတဲ့ နည်းပညာတက္ကသိုလ်တွေမှာ လူနေထူထပ်တဲ့မြို့ကြီးများမှာ တည်ရှိပြီးတော့ Campus ကောင်းမွန်ပြီးတော့ ကျောင်းသားကျောင်းသူတွေအတွက်လည်းပဲ အလွန်အဆင်ပြေတဲ့ အကြောင်း တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ G.T.I သို့မဟုတ် A.G.T.I ကျောင်းသစ်များကို အသစ်ထပ်မံဆောက်လုပ်မယ့်အစား လက်ရှိနည်းပညာ တက္ကသိုလ်များမှာ A.G.T.I သင်တန်းတွေကို ပူးတွဲဖွင့်လှစ်ပေးပြီးတော့ သင်ကြားရေးမြှင့်တင်မှု ဆောင်ရွက်မှုလုပ်ငန်းတွေကို ဆောင်ရွက်ဖို့အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်ကျော်မြတ်(ဒုတိယဝန်ကြီး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ယခုအစည်းအဝေးကြီးသို့ တက်ရောက်လာကြပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး၊ ပြည်ထောင်စုအဆင့်ကိုယ်စားလှယ်များ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နဲ့ ပြည့်စုံပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သပါတယ်။ ကျွန်တော်ကတော့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ် ဖြစ်ပါ တယ်။ ဒီနေ့ အစည်းအဝေးမှာ ကမာရွတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဆရာကြီး ဒေါက်တာစိုးရင်မှ G.T.I ကျောင်းသစ်များ ထပ်မံဆောက်လုပ်မယ့်အစား လက်ရှိ နည်းပညာ တက္ကသိုလ်များတွင် G.T.I သင်တန်းများအား ပူးတွဲသင်ကြားပေးရန် အစီအစဉ်ရှိ/မရှိ သိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းပါတယ်။ အဲ့ဒီမေးခွန်းနှင့်ပတ်သက်ပြီးတော့ သိပ္ပံနှင့် နည်းပညာဝန်ကြီး ဌာနကိုယ်စား ပြန်လည်ရှင်းလင်းဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။ ယခုလို မေးခွန်းမေးခြင်းကိုလည်း ကျေးဇူးတင်ရှိပါကြောင်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများကိုလည်း ကျွန်တော်တို့ ပေးလို တဲ့သတင်းအချက်အလက်များ တင်ပြခွင့်ရတဲ့အတွက် ကျေးဇူးတင်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ အမျိုးသားပညာရေး ဥပဒေအသစ်ကို နိုင်ငံတော်သမ္မတကြီးက အတည်ပြုပြီးတော့ ပြည်ထောင်စုလွှတ်တော်မှ ၃၀-၁၀- ၂၀၁၄ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ အဲ့ဒီဥပဒေအသစ်ရဲ့ အခန်း(၅) အပိုဒ် ၁၄ မှာ နိုင်ငံတော်

၏ပညာရေးကို အောက်ပါအတိုင်း သတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဟုလို့ ပါရှိပါတယ်။ (က) အခြေခံပညာရေး၊ (ခ) နည်းပညာနှင့် သက်မွေးပညာရေး၊ (ဂ) အဆင့်မြင့်ပညာရေးတို့ဖြစ်ပါတယ်။

ကျွန်တော်တို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်မှာရှိတဲ့ နည်းပညာတက္ကသိုလ်များ အခုနက ဆရာကြီး ဒေါက်တာစိုးရင် အမိန့်ရှိသွားတဲ့ နည်းပညာတက္ကသိုလ်များသည် အဆင့်မြင့်ပညာရေးကဏ္ဍမှာ အကျုံးဝင်သွားမှာဖြစ်ပါတယ်။ လွတ်လပ်တဲ့သင်ကြားသင်ယူမှုနှင့် လွတ်လပ်စွာစီမံခန့်ခွဲရေးစနစ်ကို ကျင့်သုံးမယ့် Autonomous တက္ကသိုလ်များအဖြစ် ရပ်တည်နိုင်သည်အထိ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆင့်မြင့်ပညာရေးကဏ္ဍမှာ နည်းပညာတက္ကသိုလ်များ ပါဝင်သွားပါတယ်။ အစိုးရစက်မှုလက်မှုသိပ္ပံ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများကတော့ ယခုလက်ရှိရေးဆွဲနေတဲ့ နည်းပညာနှင့် သက်မွေးပညာရေးဥပဒေ(ဥပဒေကြမ်း)ရေးဆွဲတာ Fourth Draft အထိရောက်ပါပြီ။ အဲ့ဒီဥပဒေကြမ်းအရ ဆက်လက်ဆောင်ရွက်ရမှာဖြစ်ကြောင်းလည်း တင်ပြအပ်ပါတယ်။ ဒါကြောင့်မို့လို့ နည်းပညာတက္ကသိုလ်များသည် လွတ်လပ်သည့်သင်ကြား သင်ယူမှုနှင့် လွတ်လပ်စွာစီမံခန့်ခွဲရေးစနစ်ကို ကျင့်သုံးမည့်တက္ကသိုလ်များဖြစ်လာမှာဖြစ်ပြီးတော့ အစိုးရစက်မှုလက်မှုသိပ္ပံများ၊ နည်းပညာအထက်တန်းကျောင်းများဟာ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန (Department of Technical and Vocational Education) အောက်မှာ ဆက်လက်တည်ရှိနေမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒီနေရာမှာ ကျွန်တော် တင်ပြလိုတဲ့အချက်က Engineering Education အင်ဂျင်နီယာပညာရေးစနစ်နဲ့ Technician Education ကျွမ်းကျင်သူပညာရေးကို ခွဲခြားပြီး ဆောင်ရွက်လျက်ရှိနေပြီဖြစ်တဲ့အတွက် နည်းပညာတက္ကသိုလ်များမှာ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစတင်ပြီးတော့ အင်ဂျင်နီယာဘွဲ့ ခြောက်နှစ်သင်တန်းများ စတင်ဖွင့်လှစ်သင်ကြားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နည်းပညာတက္ကသိုလ်များမှ အင်ဂျင်နီယာဘွဲ့ရများ အရည်အသွေးမြင့်မားလာစေရေးအတွက် အစွမ်းကုန်ဆောင်ရွက်လျက်ရှိပြီးတော့ ဆရာ ဆရာမများ အရည်အချင်းမြင့်မားရေး၊ စာသင်ခန်း၊ လက်တွေ့ခန်း၊ အလုပ်ရုံများ ပြည့်စုံမှုရှိစေရေးနဲ့ လက်တွေ့ခန်းသုံးပစ္စည်းများ ပြည့်စုံစေရေး၊ သင်ကြားမှုစနစ်များ ပိုမိုကောင်းမွန်လာစေရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာအောင်ကျော်မြတ်(ဒုတိယဝန်ကြီး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန)**။ ။ နည်းပညာတက္ကသိုလ်များ အဆင့်မြင့်မားလာစေရေးအတွက် များစွာဖြည့်ဆည်းပေးရန် လိုအပ်တဲ့အချိန်မှာ

A.G.T.I သင်တန်းများကို တွဲဖက်သင်ကြားရပါက နည်းပညာတက္ကသိုလ်များ အဆင့်မြှင့်မားလာစေရေး ဆောင်ရွက်မှုများတွင် အနည်းနဲ့အများ သွားရောက်ပြီးတော့ ထိခိုက်နိုင်ကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပြီးခဲ့တဲ့ပညာသင်နှစ်မှာပဲ အစိုးရစက်မှုလက်မှုသိပ္ပံ ၁၀ ကျောင်းကို ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်။ အဲ့ဒီဖွင့်လှစ်တဲ့မြို့တွေကို တင်ပြပါရစေ။ ဖွင့်လှစ်ခဲ့တဲ့မြို့တွေကတော့ ပူတာအို၊ မိုးညှင်း၊ ဟားခါး၊ ခန္တီး၊ ကျောက်ဆည်၊ ကျောက်ပန်းတောင်း၊ ရေနံချောင်း၊ ချောက်၊ သရက်၊ ဝါးခယ်မ အဲ့ဒီသိပ္ပံကျောင်းများဟာ အသစ်တည်ဆောက်ခြင်းမပြုဘဲနဲ့ ရှိနေတဲ့အဆောက်အုံများမှာပဲ ကျွန်တော်တို့ စက်မှုလက်မှုသိပ္ပံများအဖြစ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါတယ်။ လာမယ့်ပညာသင်နှစ်မှာလည်း အခု ကျွန်တော်တို့ အစိုးရအဖွဲ့ကို တင်ပြအတည်ပြုချက်ရယူဖို့ လျာထားထားတဲ့ G.T.I ၁၀ ကျောင်း ရှိပါတယ်။ မော်လမြိုင်၊ မကွေး၊ လက်ပံတန်း၊ ကျိုက်လတ်၊ လပွတ္တာ၊ မြင်းခြံ၊ ရွှေဘို၊ ကန့်ဘလူ၊ သံတွဲ၊ ဂန့်ဂေါ အဲ့ဒီ ၁၀ ကျောင်းမှာလည်းပဲ ကျွန်တော်တို့ အသစ်တည်ဆောက်ခြင်းမပြုပါဘူးခင်ဗျား။ လက်ရှိ ရှိနေတဲ့ ဥပမာအားဖြင့် မကွေးဆိုရင် မကွေးကွန်ပျူတာတက္ကသိုလ် Building အသစ် Main Building အသစ်နဲ့ Campus အသစ်ပြီးပြီဖြစ်တဲ့အတွက် မကွေးကွန်ပျူတာတက္ကသိုလ်ကျောင်းဟောင်းကို G.T.I အဖြစ်နဲ့ဖွင့်လှစ်မှာဖြစ်ပါတယ်။ ဒီအတိုင်းပါပဲခင်ဗျ။ မော်လမြိုင်မှာလည်းပဲ ယခင်ရှိပြီး နည်းပညာအထက်တန်းကျောင်းကို အဆင့်မြှင့်တင်ပြီးတော့ G.T.I အဖြစ်ဖွင့်လှစ်မှာ ဖြစ်ပါတယ်ခင်ဗျ။ ဒီမှာ ကျွန်တော်တို့ အသစ်တည်ဆောက်တယ်ဆိုတာကလည်းပဲ လက်ပံတန်းနဲ့ ကျိုက်လတ်သည် ဖြန့်ကြက်မှုအနေအထားအရ ဧရာဝတီတိုင်းဒေသကြီးမှာ G.T.I တစ်ကျောင်းပဲရှိပါတယ်။ ဝါးခယ်မမှာ။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ Stakeholder များနဲ့ ဆွေးနွေးပြောကြား တင်ပြချက်များအရ လက်ပံတန်းနဲ့ ကျိုက်လတ်ကိုလည်း ရည်ရွယ်ပါတယ်။ သို့သော်လည်းပဲ ဒီဟာတွေဟာ အစိုးရနည်းပညာအထက်တန်းကျောင်းများအဖြစ် အသစ်တည်ဆောက်ထားတာ ဖြစ်ပါတယ်။ သူတို့ကို G.T.I အဖြစ်နဲ့ ဆက်လက်ဆောင်ရွက်ဖို့ဖြစ်ပါတယ်ခင်ဗျ။ အသစ်တည်ဆောက်ခြင်းမရှိပါဘူးခင်ဗျား။ ဒီအတိုင်းပဲ မြင်းခြံ၊ ရွှေဘို၊ ကန့်ဘလူ၊ သံတွဲ၊ ဂန့်ဂေါ စတဲ့ G.T.I ဖွင့်လှစ်ဖို့ လျာထားတဲ့ကျောင်းတွေကလည်းပဲ လက်ရှိ ရှိပြီးသားအဆောက်အအုံများမှာပဲ ဖွင့်လှစ်သွားမှာဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်လျက်ရှိတဲ့ ကျွမ်းကျင်သူများ ရရှိစေရေးအတွက် A.G.T.I သင်တန်းများ ဖွင့်လှစ်ရာမှာ လက်ရှိအစိုးရနည်းပညာကောလိပ် အဆောက်အအုံများ၊ အစိုးရစက်မှုလက်မှုသိပ္ပံများနှင့် ယခင်သင်တန်းဖွင့်လှစ်ခဲ့သည့် နေရာများတွင် အဓိကထား၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး အမှန်တကယ်လိုအပ်မှသာ အသစ်တည်ဆောက်ရန် ဆောင်ရွက်

မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ နောက် ဆရာကြီး ဒေါက်တာစိုးရင် တင်ပြခဲ့တဲ့အတိုင်းပဲ အဆောက်အအုံဆောက်တာကို အဓိကဦးစားမပေးတော့ဘဲနဲ့ Lab ပစ္စည်းများ ဖြည့်ဆည်းရေးကို အဓိကထားပြီး ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးပါ။

**ဒေါက်တာစိုးရင်(ကမာရွတ်မဲဆန္ဒနယ်)**။ ။ ကျွန်တော် ဆက်လက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များ၊ မိဘပြည်သူများလည်း သိရှိစေရန်အတွက် ထပ်ဆင့်မေးခွန်းတစ်ခု ကျွန်တော် ဆက်လက်ပြီးတော့ မေးချင်ပါတယ်။ ရည်ရွယ်ချက်က A.G.T.I ကျောင်းတွေနဲ့ နည်းပညာတက္ကသိုလ်တွေမှာ ပူးတွဲပြီးတော့ သင်ကြားခွင့် အစီအစဉ်ဆောင်ရွက်ခြင်းဟာ ဒီ A.G.T.I ကျောင်းသားတွေဟာ သူတို့သင်တန်းပြီးတဲ့အချိန်မှာ နည်းပညာတက္ကသိုလ်သို့ကူးတဲ့အခါမှာ လွယ်ကူအောင်လို့ ပူးတွဲသင်ကြားခြင်းဟာ ပိုပြီးသင့်မြတ်တယ်လို့ ယူဆပြီးတော့ ဒီမေးခွန်းကို မေးခြင်းဖြစ်ပါတယ်။ အခု ကျွန်တော် သိချင်တာက ကျောင်းတွေ သီးခြားခွဲပြီးထားပြီးတဲ့နောက်မှာ ဒီ A.G.T.I ကျောင်းကနေပြီးတော့ သင်တန်းပြီးဆုံးတဲ့ ကျောင်းသူကျောင်းသားတွေဟာ နည်းပညာတက္ကသိုလ်တွေကို ဘယ်လိုကူးပြောင်းနိုင်တယ်ဆိုတဲ့ Bridge ဒီအတွက် ပေါင်းကူးအစီအစဉ်လေးများရှိရင်လည်းပဲ ကျွန်တော်တို့ကို အသိပေးဖို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ထပ်ဆင့်မေးခွန်းမေးမြန်းအပ်ပါတယ်။

**ဒေါက်တာအောင်ကျော်မြတ်(ဒုတိယဝန်ကြီး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်များခင်ဗျား။ ဆရာကြီး ဒေါက်တာစိုးရင် ထပ်ဆင့်မေးတဲ့မေးခွန်းကို ကျွန်တော် ဖြေကြားနိုင်ပါတယ်။ ကျွန်တော်တို့ အစိုးရနည်းပညာအထက်တန်းကျောင်းများမှ ထူးချွန်စွာအောင်မြင်သူများကို နည်းပညာတက္ကသိုလ်များကို တိုက်ရိုက်ဝင်ခွင့်ပေးထားပြီးဖြစ်ပါတယ်။ နောက် အစိုးရနည်းပညာသင်တန်းကျောင်းများမှ အောင်မြင်သူများကို အစိုးရစက်မှုသိပ္ပံများသို့ ဝင်ခွင့်ပေးထားပါတယ်။ ယခု ကျွန်တော်တို့ မနှစ်ကမှ စတင်ပြီးတော့ G.T.I များ ပြန်လည်ဖွင့်လှစ်တယ်။ သို့သော်လည်းပဲ ယခင်ကျင့်သုံးခဲ့တဲ့စနစ်ရှိပါတယ်။ အစိုးရစက်မှုသိပ္ပံများမှ ထူးချွန်စွာအောင်မြင်သူများကို နည်းပညာတက္ကသိုလ်များသို့ ပေါင်းကူးသင်တန်းပေးမှာဖြစ်ပါတယ်။ ဝင်ခွင့်စာမေးပွဲတော့ ဖြေဆိုပြီး ဆောင်ရွက်မှာဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

**ထားဝယ်အထူးစီးပွားရေးဇုန်၊ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် ပတ်သက်၍ နောက်ဆုံးအခြေအနေကို သိရှိလိုပါကြောင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအောင်စိုး၊ လောင်းလုံးမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်စိုး(လောင်းလုံးမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါရစေခင်ဗျာ။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ထားဝယ်အထူးစီးပွားရေးဇုန်၊ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့်ပတ်သက်ပြီး နောက်ဆုံးအခြေအနေကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းဟာ ကျွန်တော့်ရဲ့မဲဆန္ဒနယ်မြေဖြစ်တဲ့ လောင်းလုံးမြို့နယ်နှင့် ရေဖြူမြို့နယ်တွေမှာပါဝင်ပြီးတော့ အရှေ့တောင်အာရှမှာ အကြီးမားဆုံး စီးပွားရေးဇုန်တစ်ခုဖြစ်တယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံသားများနှင့် ကျွန်တော်တို့ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများစွာရရှိမယ့် စီမံကိန်းတစ်ခုလည်း ဖြစ်ပါတယ်။ လက်ရှိအနေနဲ့ အနောက်ဥရောပနိုင်ငံများနှင့် ကမ္ဘာ့အရှေ့နိုင်ငံများသို့ ကုန်စည်များ တင်ပို့ရာမှာ ပင်လယ်ရေလမ်းခရီးမှသွားမယ်ဆိုရင် ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံများကတစ်ဆင့် မလက္ကာရေလက်ကြားမှဖြတ်ပြီးတော့ တောင်တရုတ်ပင်လယ်ကိုပတ်ပြီး သင်္ဘောများသွားရတဲ့အခါမှာ အချိန်ကြာမြင့်ခြင်းနှင့်အတူ ကုန်ကျစရိတ်များကြီးမားခြင်း၊ ထိုနည်းတူစွာ သဘာဝရဲ့ဘေးအန္တရာယ်ဖြစ်တဲ့ မုန်တိုင်းများ၊ ပင်လယ်ဓားပြများရဲ့အန္တရာယ်ကိုလည်း ကြုံတွေ့ရနိုင်ပါတယ်။ ဒါ့ကြောင့် ဒီစီမံကိန်းရဲ့ အဓိကရည်ရွယ်ချက်က ဒီအခက်အခဲတွေကို ကျော်လွှားနိုင်ဖို့နှင့် အနောက်ဘက်ပင်လယ်ဖြစ်တဲ့ကပ္ပလီပင်လယ်မှာရှိတဲ့ ထားဝယ်ဆိပ်ကမ်းကနေပြီးတော့ အရှေ့ဘက်ပင်လယ်ရှိတဲ့ ဘန်ကောက်ဆိပ်ကမ်းကို ကုန်းလမ်းခရီးကဖြတ်သွားမယ်ဆိုရင် နာရီပိုင်းနဲ့ရောက်နိုင်တဲ့အတွက် ဒီစီမံကိန်းကို အကောင်အထည်ဖော်ခြင်းဖြစ်ပါတယ်။ ဒီစီမံကိန်းဟာ စီးပွားရေးအရ ဒေသခံပြည်သူများနှင့်အတူ ကျွန်တော်တို့ မြန်မာနိုင်ငံအတွက်လည်း အထူးပဲစီးပွားရေးအကျိုးများစွာဖြစ်ထွန်းနိုင်တဲ့ စီမံကိန်းတစ်ခုဖြစ်ပါတယ်။

ဒါ့ကြောင့် ဒီလိုရေနက်ဆိပ်ကမ်းမျိုးကို ပြီးခဲ့တဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရလက်ထက်က အရှေ့ဘက်ပင်လယ်နှင့်အနောက်ဘက်ပင်လယ် အကျဉ်းဆုံးနေရာဖြစ်တဲ့ ဘုတ်ပြင်းမြို့နယ်မှာ တူးမြောင်းတူးဖို့အထိ စီမံကိန်းရေးဆွဲခဲ့ဖူးပါတယ်။ သို့သော် အကောင်အထည်မဖော်ဖြစ်

ခဲ့ပါဘူး။ ထိုနည်းတူစွာ တပ်မတော်စစ်အစိုးရလက်ထက်မှာလည်း ကျွန်တော်တို့လောင်းလုံးမြို့နယ်မှာ ရေနက်ဆိပ်ကမ်းတည်ဆောက်ဖို့အတွက် ကျွန်တော်တို့ အပြီးသတ်နေရာရွေးချယ်ပြီး ဖြစ်ပါတယ်။ သို့သော်လည်း အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါဘူး။ အခု ၂၀၁၀ ခုနှစ်မှာ ကျွန်တော်တို့ လက်ရှိ မြန်မာအစိုးရနှင့် ထိုင်း-အီတာလျံကုမ္ပဏီတို့ပူးပေါင်းပြီးတော့ ဒီစီမံကိန်းကြီးကို အကောင်အထည်ဖော်ဖို့အတွက် ကြိုးစားဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့ မြန်မာအစိုးရနှင့်ထိုင်း-အီတာလျံကုမ္ပဏီတို့ စာချုပ်ချုပ်ဆိုပြီး အကောင်အထည်ဖော်ဆောင်ခဲ့ရာ လုပ်ငန်းများဟာ အတိုင်းအတာတစ်ခုအထိ ပြီးမြောက်ခဲ့ပြီးဖြစ်ပါတယ်။ သို့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဤစီမံကိန်းရပ်ဆိုင်းနေခဲ့တာ တစ်နှစ်နီးပါးရှိနေပြီဖြစ်ပါတယ်။ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့်အထူးစီးပွားရေးဇုန် အောင်မြင်ခဲ့ရင် ကျွန်တော်တို့မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံနှင့်အတူ အာဆီယံဒေသဟာ ဒီ့ထက်စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်ပြီး ကျွန်တော်တို့မြန်မာနိုင်ငံသားများ၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများစွာ ရရှိနိုင်သလို ကျွန်တော်တို့ထားဝယ်ဒေသဟာလည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒေသခံပြည်သူများဟာ တစ်ဖက်နိုင်ငံများမှ ရွှေ့ပြောင်းအလုပ်သမားများအဖြစ် သွားရောက်လုပ်ကိုင်နေသူများဟာလည်း အမိနိုင်ငံတွင်ပြန်လာပြီး လုပ်ကိုင်နိုင်မှာဖြစ်ပါတယ်။ သို့ပါ၍ လုပ်ငန်းများရပ်ဆိုင်းနေသော ထားဝယ်ရေနက်ဆိပ်ကမ်းနှင့်အထူးစီးပွားရေးဇုန်၏ နောက်ဆုံးအခြေအနေနှင့် စီမံကိန်းအောင်မြင်နိုင်ရန် နိုင်ငံတော်အစိုးရအနေဖြင့် မည်သို့ဆောင်ရွက်ထားရှိသည်ကို ဒေသခံပြည်သူများအနေဖြင့် သိရှိလိုပါ၍ ဖြေကြားပေးနိုင်ပါရန် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဟံစိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဟံစိန် ဖြစ်ပါတယ်။ ကျွန်တော်က ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီရဲ့ ဥက္ကဋ္ဌအဖြစ်လည်း ဆောင်ရွက်နေပါတယ်။ ဒါကြောင့်မို့လို့ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးရဲ့ ပြည်သူ့လွှတ်တော်ကို မေးမြန်းထားတဲ့မေးခွန်းနှင့်ပတ်သက်

ပြီးတော့ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ Power Point နှင့် တင်ပြခွင့်ပြုပါရန်နှင့် ကျွန်တော့်ကို အချိန်အနည်းငယ်ပိုပေးဖို့ ကြိုတင်တင်ပြအပ်ပါတယ်ခင်ဗျာ။

ကျွန်တော်တို့ ဒီထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းနှင့် ပတ်သက်ပြီးတော့ မနှစ်က အောက်တိုဘာလ ၃၁ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်မှာ ကျွန်တော့်အနေနဲ့ အဲ့ဒီအချိန်ထိ ရောက်ရှိနေတဲ့အခြေအနေကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုး နဲ့ ကျန်တဲ့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ပြန်လည်အမှတ်ရရှိစေဖို့အတွက် အနည်းငယ် အကျဉ်းချုပ် ကျွန်တော် ပြန်လည်တင်ပြပါမယ်။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ရဲ့ အနောက် မြောက်ဘက် ၁၇ မိုင်ခန့်အကွာ နဘူးလယ်ဒေသမှာတည်ရှိတဲ့ ထားဝယ်အထူးစီးပွားရေးဇုန်ဟာ ခုနက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးပြောသလိုပဲ မြန်မာနိုင်ငံမှာ ပထမဦးဆုံးစတင်ခဲ့တဲ့ အထူးစီးပွားရေးဇုန်ဖြစ်ပြီးတော့ စတင်စဉ်က ထားဝယ်အထူးစီးပွားရေးဇုန်အမည်နဲ့ မဟုတ်ဘဲနဲ့ ထားဝယ်ရေနက်ဆိပ်ကမ်း၊ စက်မှုနယ်မြေနှင့် ထိုင်းနိုင်ငံသို့ အဝေးပြေးကားလမ်းနှင့်ရထားလမ်း တည်ဆောက်ရေးစီမံကိန်းအဖြစ် စတင်ခဲ့ခြင်းဖြစ်ပါတယ်။ စီမံကိန်းနေရာဟာ ရေနက်ဆိပ်ကမ်း တည်ဆောက်နိုင်တဲ့အတွက်ကြောင့်မို့လို့ ဘင်္ဂလားပင်လယ်အော်နှင့် တောင်တရုတ်ပင်လယ်တို့ကို ဆက်သွယ်ပေးခြင်းဖြင့် ကုန်စည်ပို့ဆောင်ထောက်ပံ့ရေးလမ်းကြောင်းကို အဆင်ပြေချောမွေ့စေမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီရေနက်ဆိပ်ကမ်းစီမံကိန်းကို ၂၀၀၈ ခုနှစ်၊ မေလ ၁၉ ရက်နေ့မှာ ကျွန်တော်တို့ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအစိုးရတို့က နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပြီးတော့ စီမံကိန်း လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ဖို့အတွက်ကိုတော့ ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့မှာ မြန်မာ့ ဆိပ်ကမ်းအာဏာပိုင်နှင့် ထိုင်းနိုင်ငံ အီတာလျံ-ထိုင်းကုမ္ပဏီတို့က မူဘောင်သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးပြီး စတင်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ ထားဝယ်အထူးစီးပွားရေးဇုန်မှာပါမယ့် လုပ်ငန်းတွေနဲ့ စီမံကိန်းပုံစံကတော့ တင်ပြပါအတိုင်းဖြစ်ပါတယ်။ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်း ဟာ ကြီးမားတဲ့အတွက်ကြောင့်မို့လို့ စီမံကိန်းအဆင့်တွေခွဲပြီးတော့ စီမံကိန်းအဆင့်(၁)မှာ ရေနက် ဆိပ်ကမ်း(အဆင့်-၁)၊ မြန်မာ-ထိုင်းအဝေးပြေးလမ်းမကြီး(အဆင့်-၁)၊ စက်မှုဇုန်၊ အလုပ်ရုံများ၊ စီးပွား ရေးအဆောက်အအုံများ၊ လူနေအိမ်ယာများနှင့် ဆေးရုံ၊ ကျောင်းနှင့်ဈေးစတဲ့ လူမှုရေး အဆောက် အအုံတွေ ပါဝင်မှာဖြစ်ပါတယ်။ ဒီစီမံကိန်းအဆင့်(၁)ဆောင်ရွက်ဖို့အတွက်ကိုပဲ ကုန်ကျစရိတ် အဲ့ဒီ အချိန် ခန့်မှန်းတွက်ချက်မှုများအရ အမေရိကန်ဒေါ်လာ ၈.၆ ဘီလီယံခန့်ကုန်ကျမယ်လို့ ကျွန်တော်တို့

သိရှိရပါတယ်။ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းဟာ ပမာဏကြီးမားပြီးတော့ ငွေကြေးမြောက်များစွာ ရင်းနှီးမြှုပ်နှံရန်လိုအပ်တာဖြစ်သော်လည်းပဲ စီမံကိန်းလုပ်ငန်းရင်းနှီးတည်ဆောက်သူအဖြစ် ပုဂ္ဂလိကကုမ္ပဏီတစ်ခုတည်းကိုသာ အပ်နှံဆောင်ရွက်ခဲ့တဲ့အတွက် အဲ့ဒီရင်းနှီး တည်ဆောက်သူအနေနဲ့ နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများထံမှ ချေးငွေမရရှိခြင်း၊ အခြားရင်းနှီး မြှုပ်နှံသူများမှလည်း ငွေကြေးထည့်ဝင်ရင်းနှီးမြှုပ်နှံမှုမရှိတဲ့အတွက်ကြောင့်မို့လို့ စီမံကိန်းလုပ်ငန်းများကို သတ်မှတ်အချိန်ဇယားအတိုင်း အကောင်အထည်ဖော်နိုင်ခြင်းမရှိခဲ့ပါဘူး။ ဒါကြောင့်မို့လို့ နှစ်နိုင်ငံအစိုးရများက။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဟန်စိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ ဦးစီးဆောင်ရွက်ပေးနိုင်ရန် မြန်မာ-ထိုင်းနှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများက ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့မှာ တင်ပြပါအတိုင်း နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီးတော့ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်နိုင်ဖို့ ဆောင်ရွက်ခဲ့ပါတယ်။ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ဖို့အတွက်ကိုလည်း မြန်မာနိုင်ငံအစိုးရအနေနဲ့ ဒုတိယသမ္မတ ဦးညဏ်ထွန်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ မြန်မာအဆင့်မြင့်ကော်မတီ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေးအထူးလုပ်ငန်းအဖွဲ့နှင့် သက်ဆိုင်ရာ ဒုတိယဝန်ကြီးများ ဥက္ကဋ္ဌအဖြစ် အသီးသီးပါဝင်ဆောင်ရွက်တဲ့ ဆပ်ကော်မတီတွေကိုလည်း ဖွဲ့စည်းတာဝန်ပေးခဲ့ပါတယ်။ အဲ့ဒါအပြင် ကျွန်တော်တို့ မြန်မာနှင့်ထိုင်း နှစ်နိုင်ငံ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် မြန်မာ-ထိုင်းပူးတွဲအဆင့်မြင့်ကော်မတီနှင့် ပူးတွဲလုပ်ငန်း ကော်မတီတွေကိုလည်း ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီးတော့ ကျွန်တော်တို့ တင်ပြပါအတိုင်း အစည်းအဝေးများကို ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ အဲ့ဒီအစည်းအဝေးများမှာ ညှိနှိုင်းဆွေးနွေးချက်တွေအရ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းမှာ ရင်းနှီးမြှုပ်နှံသူများအနေနဲ့ နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ ပါဝင်ယှဉ်ပြိုင်ရင်းနှီးမြှုပ်နှံနိုင်အောင် ဆောင်ရွက်ပေးမည့် ပင်မကုမ္ပဏီဖြစ်တဲ့ Special Purpose Vehicle ကို မြန်မာနိုင်ငံဘက်က နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနနှင့် ထိုင်းနိုင်ငံဘက်မှ Neighboring Countries Economic Development Cooperation Agency တို့က ကိုယ်စားပြုဌာနများ

အဖြစ်ဆောင်ရွက်ပြီးတော့ ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်အမည်နဲ့ ထိုင်းနိုင်ငံမှမှတ်ပုံတင်ဖွဲ့စည်းခဲ့ပါတယ်။ ဒီကုမ္ပဏီဟာ ထားဝယ်အထူး စီးပွားရေးဇုန်စီမံခန့်ခွဲမှု ကော်မတီရဲ့ Advisor၊ Facilitator နှင့် Coordinator အဖြစ် ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ ဒါက ကျွန်တော်ပြီးခဲ့တဲ့နှစ်က တင်ပြခဲ့တဲ့ဟာလေး အကျဉ်းချုပ် ဖြစ်ပါတယ်။

ကျွန်တော်တို့ ဒီအတိုင်းဆောက်လုပ်ခဲ့ပြီးတဲ့နောက်မှာ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းတွေ အကောင်အထည်ဖော်ဖို့အတွက်ကို ကျွန်တော်တို့ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့မှာ စတုတ္ထအကြိမ်ပူးတွဲလုပ်ငန်းကော်မတီအစည်းအဝေး ပြုလုပ်ခဲ့ပြီးတော့ အဲဒီအစည်းအဝေး မှာ ကျွန်တော်တို့ စီမံခန့်ခွဲမှုကော်မတီနှင့် ခုနက ကုမ္ပဏီတို့ချုပ်ဆိုတဲ့ မူဘောင်သဘောတူစာချုပ်၊ နောက်တစ်ခါ ကျွန်တော်တို့ စီမံခန့်ခွဲမှုကော်မတီ၊ ကုမ္ပဏီနှင့် ကျွန်တော်တို့ အီတာလျံ-ထိုင်းတို့အကြား မှာချုပ်ဆိုတဲ့ သုံးပွင့်ဆိုင် နားလည်မှုစာချွန်လွှာ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် အီတာလျံ-ထိုင်း ကုမ္ပဏီတို့အကြား လက်မှတ်ရေးထိုးခဲ့တဲ့ ကျွန်တော်တို့ ၂၀၁၀ ကလက်မှတ်ရေးထိုးခဲ့တဲ့ မူဘောင် သဘောတူစာချုပ်ကို ရပ်ဆိုင်းတဲ့စာချုပ်တွေ လက်မှတ်ရေးထိုးခဲ့ပါတယ်။ စီမံခန့်ခွဲမှုကော်မတီနှင့် ကုမ္ပဏီတို့အကြားချုပ်ဆိုခဲ့တဲ့ မူဘောင်သဘောတူစာချုပ်အရ စီမံကိန်းလုပ်ငန်းတွေကို အလျင် အမြန် အကောင်အထည်ဖော်ခြင်းဖြင့် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသခံပြည်သူလူထု အတွက် အလုပ်အကိုင်ရရှိစေဖို့ ရည်ရွယ်ချက်နဲ့ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်း တွေကို ကနဦးစီမံကိန်းနဲ့ ပင်မစီမံကိန်းဆိုပြီးတော့ ကျွန်တော်တို့ အဆင့်(၂)ဆင့် ခွဲပြီးတော့ သတ်မှတ်ခဲ့ပါတယ်။

ကျွန်တော်တို့ ပင်မစီမံကိန်းမှာတော့ ရေနက်ဆိပ်ကမ်း၊ စက်မှုဇုန်၊ သံမဏိစက်ရုံ၊ ဓာတ်မြေ ဩဇာစက်ရုံ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ရေပေးဝေရေးစနစ်နှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ၊ ထားဝယ်အထူးစီးပွားရေးဇုန်မှ မြန်မာ-ထိုင်းနယ်စပ်ကို ဆက်သွယ်ပေးမယ့် အဝေးပြေးကားလမ်း၊ မီးရထားလမ်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းနှင့် လျှပ်စစ်ဓာတ်အားလိုင်းတွေ မြို့ပြနှင့် စီးပွားရေးအချက်အချာအဆောက်အဦတွေ၊ ခရီးသွားလုပ်ငန်းများ၊ အပန်းဖြေနေရာစခန်းစသည့် စီမံကိန်းကြီးများပါဝင်မှာဖြစ်ပြီးတော့ ကနဦးစီမံကိန်းမှာတော့ နှစ်လမ်းသွားကားလမ်း၊ ဆိပ်ကမ်းငယ်၊ ကနဦးစက်မှုဇုန်၊ ကနဦးလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ကနဦးလူနေအဆောက်အဦများနှင့် မြို့ပြ စီမံကိန်း၊ ကနဦးရေပေးဝေရေးစီမံကိန်းနှင့် ဆက်သွယ်ရေးလိုင်းတွေပါဝင်မှာ ဖြစ်ပါတယ်။ နောက် ကျွန်တော် အဲဒီ ၂၂ ရက်နေ့၊ ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလ ၂၂ ရက်နေ့အထိ အီတာလျံ-ထိုင်းကုမ္ပဏီက

ဆောင်ရွက်ခဲ့တဲ့ မှတ်တမ်းဓာတ်ပုံလေးများကို ကျွန်တော် တင်ပြပါမယ်။ ဒါကတော့ ကျွန်တော်တို့ ဒီစီးပွားရေးဇုန်ကနေ နယ်စပ်အထိ ဖောက်လုပ်ထားတဲ့ နှစ်လမ်းသွားမြေသားလမ်း ပြီးစီးနေမှု ဖြစ်ပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ ဒီစီမံကိန်းဧရိယာရဲ့ တောင်ဘက်စွန်းမှာရှိတဲ့ ပန်းတင်အင်းချောင်းထဲမှာ ကျွန်တော်တို့ စီမံကိန်းအတွက် ကနဦးအထောက်အကူဖြစ်မယ့် Small Port ဆိုပြီးတော့ ကျွန်တော်တို့ ဆိပ်ကမ်းငယ်တစ်ခု ဆောက်နေပါတယ်။ ဆိပ်ကမ်းငယ်တည်ဆောက်မှုလုပ်ငန်းရဲ့ တိုးတက်မှုဖြစ်ပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့အတွက် ရေပေးဝေရေးအတွက်ကို ပယင်းဖြူဆည်ကို စီမံကိန်းဧရိယာအတွင်းမှာ တည်ဆောက်ထားတာဖြစ်ပါတယ်။ နောက် ကျွန်တော်တို့ ဒီစီမံကိန်းဧရိယာ အတွင်းမှာရှိတဲ့ လူနေအိမ်ခြေတွေကို ကျွန်တော်တို့ ပြောင်းရွှေ့ဖို့အတွက် စီမံကိန်းရဲ့ မြောက်ပိုင်းမှာရှိတဲ့ ကျွန်တော်တို့ ဘဝါဆိုတဲ့နေရာမှာ ကျွန်တော်တို့ ဒီ Location Site အဖြစ်လုပ်ပြီးတော့ အိမ်ခြေပေါင်း စုစုပေါင်း ၄၈၀ တည်ဆောက်ခဲ့ပြီး ဖြစ်ပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ ဒီစီမံကိန်းဧရိယာအတွင်းမှာ ကျွန်တော်တို့ လမ်းတွေဖောက်တာတို့၊ စီမံကိန်းဧရိယာအတွင်းမှာပဲ ကျွန်တော် ITD ရဲ့စခန်းပေါ့။ ကျွန်တော်တို့ ပြခန်းတွေ၊ နောက်တစ်ခါ တည်းခိုဖို့နေအိမ်တွေပါတဲ့ အဆောက်အဦများ ဆောက်လုပ်ခြင်းကို ဆောင်ရွက်ခဲ့ပြီးသား ဖြစ်ပါတယ်။ အဲ့ဒီတော့ အဲ့ဒီစီမံကိန်းတွေ ကျွန်တော်တို့ ကနဦးစီမံကိန်း စတင်ဆောင်ရွက်မယ်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့က လုပ်ငန်းနှစ်ခုကို ကနဦးဆောင်ရွက်ခဲ့ရတယ်။ ဒါကတော့ ITD ကုမ္ပဏီက နဂိုလုပ်ခဲ့တဲ့ ခုနက ပြောခဲ့တဲ့လုပ်ငန်းတွေ ဆောင်ရွက်ခဲ့တဲ့အပေါ်မှာ သူ့ရဲ့ကုန်ကျစရိတ်နဲ့ ကျွန်တော်တို့ ကနဦးလုပ်ငန်းဆောင်ရွက်ဖို့အတွက် Project Management Office ကိစ္စနှစ်ခု ဆောင်ရွက်ခဲ့ပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် အီတာလျံ-ထိုင်းကုမ္ပဏီတို့အကြားမှာ အရင်ချုပ်ဆိုခဲ့တဲ့ ပူးပေါင်းသဘောတူ စာချုပ်ကို ရပ်ဆိုင်းခြင်းမပြုမီကာလအထိ အဲ့ဒီကုမ္ပဏီက ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းတွေကို တန်ဖိုးတွက်ချက်ခြင်းအတွက် တင်ပြပါအတိုင်း ကျွန်တော်တို့ Ernst and Young ကုမ္ပဏီ Corporate Services Ltd., ကို ငှားရမ်းပြီးတော့ ဆောင်ရွက်ခဲ့တာ ဒီနှစ်ဧပြီလကဆောင်ရွက်ခဲ့တာ ကျွန်တော်တို့ ဩဂုတ်လကုန်မှာ တန်ဖိုးတွက်ချက်ခြင်းလုပ်ငန်းပြီးစီးခဲ့ပြီး ဖြစ်ပါတယ်။ နောက်ကျွန်တော်တို့ ကနဦး စီမံကိန်းလုပ်ငန်းတွေကို လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် ကျွန်တော်တို့ Developer နှင့် Investor တွေကို နိုင်ငံတကာ တင်ဒါခေါ်ယူခြင်း၊ International Tender မပြုလုပ် ဘဲနဲ့ ကျွန်တော်တို့က Selective Bidding ပုံစံဖြင့်ပြုလုပ်ဖို့နှင့် အီတာလျံ-ထိုင်းရဲ့ စုပေါင်းကုမ္ပဏီ (ITD Consortium)နှင့် ကျွန်တော်တို့ ဂျပန်နိုင်ငံက

စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန(METI) ကနေတစ်ဆင့် ဂျပန်ကုမ္ပဏီတွေကို ဖိတ်ခေါ်ဖို့ နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ အဲ့ဒီလိုဆောင်ရွက်ခဲ့တဲ့အခါမှာ ကျွန်တော်တို့ ကနဦးစီမံကိန်း လုပ်ငန်းတွေကို နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်နိုင်ဖို့အတွက် ခုနက ကျွန်တော်တင်ပြခဲ့တဲ့ Roland Berger Strategy Consultant ကုမ္ပဏီကို ငှားရမ်းဆောင်ရွက်ခဲ့တဲ့အခါမှာ ကျွန်တော်တို့ တင်ပြပါအတိုင်း ပြုစုပြီးတော့ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ အဲ့ဒီတော့ ဒီတင်ပြခဲ့တဲ့ အတိုင်းပဲ ကျွန်တော်တို့ Terms of Reference တွေပြုစုပြီးတော့ ထုတ်ပြန်ခဲ့ပါတယ်။ အဲ့ဒီတော့ ဒီ Terms of Reference မှာပါဝင်တဲ့အချက်တွေ ကတော့ ကျွန်တော်တို့ တင်ဒါတင်သွင်းမယ့် ကုမ္ပဏီအဖွဲ့တွေရဲ့ အချက်အလက်များ၊ ကနဦးစီမံကိန်း လုပ်ငန်းတစ်ခုချင်းစီရဲ့ အသေးစိတ်စီမံချက်တွေလုပ်ငန်း ဆောင်ရွက်ခွင့် ခွင့်ပြုသည့်ကာလ အစရှိတဲ့ ကျွန်တော်တို့ တင်ပြပါအတိုင်း ဒါတွေ Terms of Reference မှာပါပါတယ်။

အဲ့ဒီနောက် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့ကနေပြီးတော့ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့အထိ ဒီပေးပို့ခဲ့တဲ့ Consortium နှစ်ခု ထံကနေပြီးတော့ ကျွန်တော်တို့ TOR နှင့် ပတ်သက်တဲ့မေးခွန်းတွေ မေးမြန်းတာ၊ ပြန်လည်ဖြေကြားခြင်းတွေကို ဆောင်ရွက်ခဲ့ပြီးတော့ Draft Concession Agreement ကိုတော့ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့မှာ ပေးပို့ခဲ့ပါတယ်။ Draft Concession Agreement ကိုတော့ ကျွန်တော်တို့အပိုင်းက ဒီစီမံကိန်းဧရိယာအတွင်းမှာ ရှိတဲ့ လုပ်ငန်းငါးခုအတွက်တစ်စောင်၊ အပြင်မှာရှိတဲ့ ကျွန်တော်တို့ Two Lane Road နှင့် Small Port တို့အတွက် တစ်စောင်စီ စုစုပေါင်း သုံးစောင်ပေးပို့ခဲ့ပြီးတော့ တင်ဒါခေါ်ယူထားတဲ့အဖွဲ့တွေထံမှ ကမ်းလှမ်းလွှာတင်သွင်းခြင်းကို ကျွန်တော်တို့ ဒီ စက်တင်ဘာလ ၂၂ ရက်နေ့ကနေ လက်ခံရရှိပြီးတော့ စစ်ဆေးကြည့်ရှုခြင်း၊ ညှိနှိုင်းဆွေးနွေးခြင်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။ တင်သွင်းလာတဲ့ ကမ်းလှမ်းလွှာတွေကို စိစစ်တဲ့အခါမှာ ဂျပန်နိုင်ငံ METI ကနေတစ်ဆင့် Suggestion Proposal ကိုသာ တင်သွင်းခဲ့ပါတယ်။ ဂျပန်နိုင်ငံအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကုမ္ပဏီများအနေနဲ့ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းကို စိတ်ဝင်စားကြောင်းနှင့် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းဟာ မြန်မာနိုင်ငံနှင့်ဒေသတွင်းနိုင်ငံများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးသာမကဘဲနဲ့ မဲခေါင်ဒေသနိုင်ငံများရဲ့ သွင်းကုန်၊ ထုတ်ကုန် အချက်အချာနေရာတစ်ခု ဖြစ်လာနိုင်ပါကြောင်း၊ သို့အတွက် ဂျပန်နိုင်ငံအနေနဲ့ အစိုးရဌာနများနှင့် ပုဂ္ဂလိကကုမ္ပဏီများက ပထမအဆင့်အဖြစ် စီမံကိန်းလုပ်ငန်းနှင့်

ပတ်သက်ပြီးတော့ အချက်အလက်များပိုမိုသိရှိဖို့ သုတေသနလုပ်ငန်းများ ဆောင်ရွက်ပြီးတော့ ဖြစ်နိုင်ခြေကို လေ့လာစိစစ်သွားမည်ဖြစ်ကြောင်း သူတို့အနေနဲ့ ပြန်ကြားလာပါတယ်။

METI က ဦးဆောင်ပြီးတော့ Economic Research Institute for ASEAN and East Asia (ERIA) မှ တာဝန်ယူမယ်။ ထားဝယ်အထူးစီးပွားရေးဇုန် ရေရှည်အောင်မြင်စွာဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်ပြီးတော့ သုတေသနလုပ်ငန်း သုံး ခုဖြစ်တဲ့ မြန်မာနိုင်ငံစက်မှုလုပ်ငန်းဆိုင်ရာစီမံကိန်းနှင့် မဲခေါင်-အိန္ဒိယ တောင်ဘက်စီးပွားရေး စင်္ကြံဖွံ့ဖြိုးတိုးတက်ရေးသုတေသန၊ ထားဝယ်အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာလေ့လာသုံးသပ်ရေး သုတေသနနှင့်ထားဝယ်အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးမှုအတွက် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍအကြား ငွေရေးကြေးရေးပူးပေါင်းဆောင်ရွက်ရေးသုတေသနတို့ကို အခုစတင်ဆောင်ရွက်နေပြီးတော့ ၂၀၁၅ ခုနှစ်၊ မတ်လအပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲ့ဒီအပြင် ERIA ကိုလည်း ကျွန်တော်တို့ ခုနကပြောခဲ့တဲ့ ထားဝယ်အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်မှာ ဂျပန်နိုင်ငံကိုယ်စားပြုအဖြစ် လက်ခံဖို့ဆိုပြီးတော့လည်း ကမ်းလှမ်းထားတာရှိပါတယ်။

အဲ့ဒီတော့ ကျွန်တော်တို့ ကနဦးစီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်မယ့် အီတာလျံ-ထိုင်းစုပေါင်းကုမ္ပဏီအဖွဲ့ (ITD) Cinsortium မှာတော့ ITD ရယ်၊ နောက် Rojana ရယ်၊ နောက်တစ်ခါ EGCO ရယ်၊ LNG Plus ရယ်ဆိုပြီးတော့ ကျွန်တော်တို့ လေးခု တင်ပြပါတိုင်း ဒီစီမံကိန်းလုပ်ငန်းကြီးကို ကမ်းလှမ်းထားတာဖြစ်ပါတယ်။ ကျွန်တော်တို့ ကနဦးစီမံကိန်း လုပ်ငန်းတွေကို ထိုင်းစုပေါင်းကုမ္ပဏီအဖွဲ့ကို ရင်းနှီးတည်ဆောက်သူအဖြစ် ပါဝင်ရန်ဖိတ်ခေါ်ခြင်းကတော့ အီတာလျံ-ထိုင်းက ၂၀၀၈ ခုနှစ်ကနေစပြီးတော့ ဒီ စီမံကိန်းမှာပါဝင်ခဲ့ပါတယ်။ ၂၀၁၀ ခုနှစ်ကနေစပြီးတာ့လည်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သူ ဖြစ်ပါတယ်။ ဒါပေမယ့် အရင် မူဘောင်သဘောတူစာချုပ်က ကျွန်တော်တို့ Binding Power နည်းတဲ့အတွက်ကြောင့်မို့လို့ အဲ့ဒီစာချုပ်ကို ရပ်ဆိုင်းပြီးတော့ နိုင်ငံတကာစံနှုန်းများအရ ပိုမိုစနစ်ကျပြီး စည်းနှောင်မှုအားကောင်းတဲ့ ပုံစံကို ပြောင်းလဲဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ အီတာလျံ-ထိုင်းကုမ္ပဏီကို ဘေးကိုဖယ်ထုတ်တာ မဟုတ်ဘဲနဲ့ ခိုင်မာတဲ့လမ်းကြောင်းမှန်ပေါ်ကို ပြန်လည်တင်ပေးခြင်းဖြစ်ပြီးတော့၊ ထားဝယ်အထူး စီးပွားရေးဇုန်မှာအရင်ဆောင်ရွက်ခဲ့တဲ့ အတွေ့အကြုံတွေရှိတဲ့အတွက် ကနဦးစီမံကိန်းလုပ်ငန်းတွေကို လျင်မြန်စွာ စတင်နိုင်ဖို့ရည်မှန်းချက်နဲ့ ဖြစ်ပါတယ်။ အဲ့ဒီဟာအပြင် ကနဦးစီမံကိန်းတွေအတွက် မြေအကျယ်အဝန်းသတ်မှတ်ပေးတဲ့အခါမှာ ဒီလိုပဲ အထူးစီးပွားရေးဇုန်နယ်နိမိတ် ၁၉၆ စတုရန်းကီလို မီတာတစ်ခုလုံးကို ငှားရမ်းပေးမှာ

မဟုတ်ဘဲနဲ့ ဒီ ကနဦးစက်မှုနယ်မြေအတွက် ၂၇ စတုရန်းကီလိုမီတာ နဲ့ဆက်စပ်လုပ်ငန်းတွေအတွက် လေးစတုရန်းကီလိုမီတာ၊ စုစုပေါင်း ၃၁ စတုရန်းကီလိုမီတာကိုသာ ခွင့်ပြုမှာဖြစ်ပြီးတော့ စီမံကိန်း ဧရိယာတစ်ခုလုံးရဲ့ ၁၇ ရာခိုင်နှုန်းခန့်သာရှိပါတယ်။ ကနဦးစက်မှု လုပ်ငန်းတွေအတွက် ၂၇ စတုရန်း ကီလိုမီတာကိုလည်း ကျွန်တော်တို့ စာချုပ်လက်မှတ်ထိုးချိန်မှာ အားလုံးပေးမှာမဟုတ်ဘဲနဲ့ ပထမ အဆင့်(၇)၊ နောက် သုံးနှစ်ကြာရင် ဒုတိယအဆင့်(၇)၊ နောက် နှစ်နှစ်ကြာရင် တတိယအဆင့်(၇) နှင့် နောက်နှစ်နှစ်မှာ နောက်ဆုံး ခြောက်စတုရန်းကီလိုမီတာကိုသာ ခွင့်ပြုပေးမှာဖြစ်ပါတယ်။ အဲ့လို ခွင့်ပြုတဲ့အခါမှာလည်းပဲ မြေဧရိယာအပေါ်မှာ ၆၅ ရာခိုင်နှုန်း စက်ရုံတွေ တည်ဆောက်လည်ပတ် နေခြင်း သို့မဟုတ် အလုပ်အကိုင် ခြောက်သောင်း ဖန်တီးပေးနိုင်ခြင်း စတဲ့ဒီအချက်တွေ ပြည့်မီမှ သာလျှင် ကျွန်တော်တို့ အဆင့်အလိုက် ထပ်တိုးခွင့်ပြုသွားမှာ ဖြစ်ပါတယ်။ မြေငှားခအနေနဲ့လည်း ပထမနှင့် ဒုတိယအဆင့် ၁၄ စတုရန်းကီလိုမီတာကို ကျွန်တော်တို့ တစ်စတုရန်းမီတာကို ၂.၅ US ဒေါ်လာ၊ တတိယနှင့်နောက်ဆုံးအဆင့် ၁၃ စတုရန်းမီတာကို တစ်စတုရန်းကီလိုမီတာကို US ဒေါ်လာ ၄.၂၅ နှုန်း သတ်မှတ်ထားပါတယ်။ တကယ်လို့ မြေဧရိယာ အပေါ်မှာ အကောင်အထည်ဖော်နိုင်မှု ၃၀ ရာခိုင်နှုန်းထက်လျော့နည်းပြီး သို့မဟုတ် အလုပ်အကိုင်ဖန်တီးပေးနိုင်မှု ၂၈၀၀၀ ထက်လျော့နည်းလျှင် ခွင့်ပြုမြေကို ပြန်လည်သိမ်းယူမှာဖြစ်ပါတယ်။ ကနဦး စီမံကိန်းလုပ်ငန်းများမှာ ပြည်တွင်းတိုင်းရင်းသား လုပ်ငန်းရှင်တွေ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးအတွက်ကိုလည်း ကျွန်တော်တို့ ညှိနှိုင်းဆောင်ရွက် ထားပါတယ်။ ကျွန်တော်တို့က ကနဦးစီမံကိန်း လုပ်ငန်းကို TOR နှင့် Concession Agreement မှာ ခုနစ်ခုခေါ်ခဲ့ပေမယ့် ITD ကုမ္ပဏီက  ကျွန်တော်တို့ ကိုး ခုနဲ့ တင်လာခဲ့ပါတယ်။ အဲ့ဒီမှာလည်း ကျွန်တော်တို့ အပိုဒ် (စ)ဖြစ်တဲ့ Temporary Power Plant နဲ့ အပိုဒ်(ဈ) ဖြစ်တဲ့ LNG Plant တွေကို သူတို့အနေနဲ့ လုပ်ငန်းလိုအပ်ချက်အရ ထပ်တိုးပြီးတော့ တင်ခဲ့တာဖြစ်ပါတယ်။

ကျွန်တော်တို့ ကနဦးစီမံကိန်းလုပ်ငန်းတွေအတွက် အဓိကအချက်တွေကတော့ ကျွန်တော်တို့ ကနဦးစီမံကိန်းလုပ်ငန်းများအတွက် စီမံကိန်းကာလက ရှစ်နှစ်ဖြစ်ပါတယ်။ Industrial Estate အတွက် တတိယနှင့် စတုတ္ထအကြိမ် ခွင့်ပြုမယ့် မြေဧရိယာ ၁၃ အတွက်ကိုတော့ ၄.၂၅ နှုန်းနဲ့ ကောက်ခံမှာဖြစ်ပြီးတော့၊ ကျန်တဲ့နေရာတွေမှာတော့ ၂.၅ ကောက်ခံမှာ ဖြစ်ပါတယ်။ နောက် ကျွန်တော်တို့ လူနေအိမ်ယာတွေအတွက် ပြန်လည်နေရာချထားမယ့်နေရာ၊ ဒီ ကျန်တဲ့ခုနက အများသုံး နေရာတွေကိုတော့ မြေငှားရမ်းခ ကောက်ခံမှာမဟုတ်ပါဘူး။ နောက်ကျွန်တော်တို့က Fees နှစ်စဉ် ကြေး ဒေါ်လာ နှစ်သန်းပေးသွင်းရမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့အဖြေလုံလောက်ပါပြီ။ နိဂုံးချုပ်ပါ။

**ဦးဟန်စိန်(ဒုတိယဝန်ကြီး၊ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ ဟုတ်ကဲ့ပါခင်ဗျာ။ နောက်ဆုံး ကျွန်တော် ဒီထားဝယ်အထူးစီးပွားရေးဇုန်ရဲ့ နယ်နိမိတ်သတ်မှတ်တာလေး တစ်ချက်တင်ပြပါမယ်။ ကျွန်တော်တို့ ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းနယ်နိမိတ်ကို ၂၀၁၂ ခုနှစ်၊ မတ်လမှာ သတ်မှတ်ထုတ်ပြန်ခဲ့တဲ့အခါ ၂၀၄ စတုရန်းကီလိုမီတာ ဧက ၅၀၅၃၅ ရှိပါတယ်။ နယ်နိမိတ်အတွင်းမှာ လူနေကျေးရွာ ၁၆ ရွာ ပါဝင်နေတဲ့အတွက်ကြောင့်မို့လို့ စီမံကိန်းနယ်နိမိတ်အတွင်းမှာရှိတဲ့ လူနေအိမ်ခြေများတဲ့ ရွှေ့ပြောင်းရခက်တဲ့ ရွာတွေကိုချန်လှပ်ပြီးတော့ မြောက်ဘက်ခြမ်းမှာရှိတဲ့ နေရာတွေကို အစားထိုး သတ်မှတ်ခဲ့တဲ့အခါမှာ တင်ပြပါအတိုင်း ကျွန်တော်တို့ အကျယ်အဝန်းအားဖြင့် ၁၉၆ စတုရန်း ကီလိုမီတာ၊ ဧကအားဖြင့် ၄၈၀၀၀ ကျော်ပဲရှိမှာဖြစ်ပြီးတော့ ဒီဇုန်အတွင်းမှာ ကျွန်တော်တို့ ကျေးရွာ ခြောက်ရွာသာ ပါဝင်တော့မည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော မျိုးစေ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော မျိုးစေ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ဖြစ်သော ၂၀-၁၀-၂၀၁၄ ရက်နေ့တွင် လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းများပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသား ဖော်ပြ၍ ၂၅-၁၁-၂၀၁၄ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးတဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးမျှ မရှိပါ။ ဒါကြောင့် မျိုးစေ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မျိုးစေ့ဥပဒေကြမ်းကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၃၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၆)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၅) ရက်မြောက်နေ့ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၆) ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ ကို ၁၁း၁၀ နာရီအချိန်တွင် ရပ်နားပါသည်။]